■ "ပေါက်ဖော်မေတ္တာ"

# မြန်မာနိုင်ငံသို့ ကွေ့ကျိုးမှလူငယ် (၁၇) ဦး လုပ်အားပေးဝန်ဆောင်မှုလုပ်ဆောင်ကြ

(၁၄)ရက်နေ့ကွေ့ကျိုးဆရာနည်းပြ (နော်မန်) တက္ကသိုလ်တွင် ကွေ့ကျိုးမှ လူငယ်(၁၇)ဦးဆန္ဒရှင် လုပ်အားပေးနိုင်ငံခြားဝန်ဆောင်မှုစီမံကိန်း--မြန်မာနိုင်ငံ စီမံကိန်းမွန်းမံသင်တန်း အစည်းအဝေးကိုစတင်ခဲ့သည်။ အချိန်သီတင်း(၁)ပတ်ကြာသင်တန်းပေးပြီးနောက် မြန်မာနိုင်ငံသို့ ဆန္ဒရှင်လူငယ်(၁၇)ဦး သွားရောက်ဝန်ဆောင်မှုပေးခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံသို့ ကွေ့ကျိုးပထမအကြိမ်ဆန္ဒရှင်လုပ်အားပေး စေလွှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်ကာလအတွင်းတွင် အာဖရိကဆန္ဒရှင်လုပ်အားပေး(၄)ကြိမ်စုဆောင်းပြီး ဆန္ဒရှင်(၄၉)ဦးကို တူနီးရှား၊ ယူဂန်ဒါနှစ်နိုင်ငံသို့ ရှေ့ဆင့်နောက်ဆင့် သီးသန့် စေလွှတ်ခဲ့သည်။ အဓိကတရုတ်စာ၊ အကပညာ၊ ဝူရှူး၊ စားပွဲတင်တင်းနစ်ပို့ချခြင်း၊ ရေထွက်ကုန်မွေးမြူရေး စသည့်ဝန်ဆောင်မှုများကိုလုပ် ဆောင်ခြင်းဖြင့် အာဖရိကတိုက်ပြည်သူများထံ နွေးထွေးမှုနှင့် မေတ္တာစေတနာကို သယ်ဆောင်ပေးခဲ့သည်။ ကွေ့ကျိုးဆန္ဒရှင်များ၏ ကောင်းမွန်သောနိုင်ငံတကာပုံရိပ်ကို တည်ထောင်ခဲ့ပြီး ဒေသခံအစိုးရနှင့် ပြည်သူများ၏ ချီးမွမ်းခြင်းကိုရရှိခဲ့သည်။ တရုတ်နိုင်ငံ၏ သမိုင်းယဉ်ကျေးမှုနှင့် ရိုးရာယဉ်ကျေးမှုများကို ဖြန့်ဝေနိုင်ရန်၊ ကွေ့ကျိုးပုံရိပ်ကိုပြသကြော်ငြာရန်၊ တရုတ်နှင့် အာဖရိကနှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရေးတိုးမြှင့်ရန်စွမ်းဆောင်အကျိုးပြုမှုများကို တက်ကြွစွာပြုလုပ်ပါသည်။

၂၀၁၆ခုနှစ်ကွန်မြူနစ်ပါတီလူငယ်အဖွဲ့ ကွေ့ကျိုးပြည်နယ်ပါတီကော်မတီ၊ ကွေ့ကျိုးပြည်နယ် လုပ်အားပေးဆန္ဒရှင်ဝန်ဆောင်မှုပူးတွဲအဖွဲ့မှ တရုတ်နိုင်ငံလူငယ်ဆန္ဒရှင် နိုင်ငံခြားဝန်ဆောင်မှုစီမံကိန်းမြန်မာစီမံကိန်းကို စတင်ကြီးမှူးကျင်းပခဲ့သည်။ အင်တာဗျူးရွေးချယ်၊ အွန်လိုင်းကြော်ငြာပြသပြီးနောက် ပြည်ပသွားရောက်သည့် လူငယ်ဆန္ဒရှင် (၁၇) ဦးကိုခေါ်သွင်းခဲ့သည်။

ယခုအကြိမ် လုပ်အားပေးဆန္ဒရှင် (၁၇)ဦးသည် ဝန်ဆောင်ကာလ အချိန်နှစ်ဝက်မှ တစ်နှစ်အတွင်း စက်ကိရိယာနည်းပညာ၊ အီလက်ထရောနစ်နည်းပညာ၊ ဆောက်လုပ်ရေးပညာ၊ ရေနံလုပ်ငန်း၊ စားပွဲတင်တင်းနစ်၊ ဝူရှူး၊ အလေးမခြင်းစသည်တို့ကို သင်တန်းပေးဝန်ဆောင်



မှုလုပ်ဆောင်ကြောင်းသိရှိရသည်။ တရုတ်နိုင်ငံအစိုးရသည် ဆန္ဒရှင်များအတွက် အခြေခံနေထိုင်စရိတ်၊ အာမခံစရိတ်၊ အသွားအပြန် ခရီးစရိတ်များကို ထောက်ပံ့ပေးမည်ဖြစ်သည်။

"တရုတ်လူငယ်လုပ်အားပေးဆန္ဒရှင် နိုင်ငံခြားဝန်ဆောင်မှုစီမံကိန်း" သည် ကွန်မြူနစ် ပါတီလူငယ်အဖွဲ့ဗဟိုဌာန၊ တရုတ်ကော်မာရှယ်ဌာနမှ ပါတီအစိုးရ နိုင်ငံခြားဆက်ဆံရေးအတွက်၊ ပြည်ပကယ်ဆယ်ကူညီရေး လမ်းကြောင်းသစ်ကို စူးစမ်းခြင်းအတွက် ပိုမိုကောင်းမွန်စွာ ဝန်ဆောင်ပေးနိုင်ရန် စီမံထားသည်။ တရုတ်လူငယ်အလုပ်များ၏ နိုင်ငံတကာပုံစံ၊ နိုင်ငံတကာ အတွေးအမြင်ရှိသော လူငယ်များကို မွေးထုတ်ပေးနိုင်ရန် အတွက်စုစည်းလုပ်ဆောင်သော နိုင်ငံခြားဆန္ဒရှင်ဝန်ဆောင်မှု စီမံကိန်းဖြစ်သည်။

"ယူနန်ရောက်နိုင်ငံခြားသား"

# အိန္ဒိယကျောင်းသားများ၏ "တာလီပုံရိပ်"

ချန်းစန်းတောင်အောက်၊ အလ်ဟိုင်ရေကန်ကြီးဘေးတွင် လှပသောကျောင်းဝန်းတစ်ခုရှိသည်-တာလီတက္ကသိုလ်ဟူ၍။ အိန္ဒိယမှရောက်လာသော ကျောင်းသားမန်ရောဂျီ၊ ဟီလီရနှင့် တီပေါက်ကဲနှင့် အခြားကျောင်းသူ ကျောင်းသားများသည် ဆောင်းဦးရာသီ၏ ကျောင်းတွင်းတွင် အတူလမ်းလျှောက်နေပါသည်။

သူတို့သုံးယောက်သည် တာလီတက္ကသိုလ်လက်တွေ့ကုသရေး ဆေးပညာကောလိပ်မှ ကျောင်းသားများဖြစ်ကြသည်။ ဤနေရာသည် သူတို့နိုင်ငံနှင့်နီးပြီး ဆရာဆရာမများ ပင်ကိုယ်အရည်အချင်းမြင့်၊ သင်ကြားအရည် အသွေးမြင့်ကာ အင်္ဂလိပ်စာဖြင့် စာသင်ပို့ချပြီး အကောင်းဆုံးဆေးဝါး ကုသမှုကိရိယာနှင့် လက်တွေ့ကွင်းဆင်းနိုင်သောဆေးရုံရှိကြောင်းကို သတင်းထောက်အားပြောဆိုခဲ့သည်။ အဓိကအချက်မှာ ကျောင်းစရိတ်လည်းသက်သာပြီး တောင်အာရှနိုင်ငံခြားကျောင်းသားများ ကျောင်းအောင်ပြီးသော် မိမိနိုင်ငံဆေးပညာကော်မတီ စစ်စာမေးပွဲတွင် အောင်မြင်နှုန်းမြင့်မားသောကြောင့် သူတို့စစ်စာမေးပွဲ အောင်မြင်နှုန်းသည် ဥရောပအမေရိက စသည့်အနောက်တိုင်း နိုင်ငံများမှ ကျောင်းသားများနှင့်တူပါသည်။



အိန္ဒိယတွင် အထက်တန်းကျောင်းတက်စဉ်အခါက ပင်ဟီလီရသည် ထူးချွန်ကျောင်းသူတစ်ဦးဖြစ်သည်။ တရုတ်နိုင်ငံသို့မလာမီ သူ့မိဘကနေထိုင်လို့ အဆင်မပြေဖြစ်မည်ကို စိုးရိမ်ခဲ့သည်။ သူမိမိကိုယ်လည်း စိတ်ပူခဲ့ပါသည်။ တာလီသို့ရောက်သော် ရာသီဥတုအထူးကောင်းပြီး လူများလည်းဖော်ရွေသည်ကို တွေ့မြင်ခဲ့သည်။ ဤနေရာတွင် အိန္ဒိယမှ စာဖိုမှူးများရော အိန္ဒိယဆရာများပါလည်းရှိပါသည်။ သူက ကိုယ့်အိမ်ကိုရောက်သကဲ့သို့ခံစားခဲ့သည်။ ပညာသင်နှစ်ဝက်ပြီးနောက်နေထိုင်စားသောက်လို့ အကုန်အဆင်ပြေခဲ့သည်။

ဟီလီရ၏ လက်ကိုင်ဖုန်းပုံမှာ သူနှင့်တရုတ်မိန်းကလေးတစ်ဦး၏ ဓာတ်ပုံဖြစ်သည်။ ဓာတ်ပုံအတွင်း သူတို့နှစ်ယောက်သည်မျက်နှာနီးနီးစပ်စပ်ကပ်ပြီး ရွှင်ပြုံးချိုပြကြသည်။ ထိုမိန်းကလေးသည် သူ၏ အကောင်းဆုံးသူငယ်ချင်း ရန်ထင်ဖြစ်ပါသည်။ ရန်ထင်နှင့် မိမိညီအစ်မအရင်းကဲ့သို့ ဆက်ဆံသည်။ "ကျွန်မရဲ့ တရုတ်သူငယ်ချင်းတွေသာမက သူတို့ရဲ့ မိသားစုဝင်တွေလည်း ကျွန်မအပေါ် အရမ်းကောင်းတယ်။ ရန်ထင်ရဲ့အမေက ကျွန်မအား စားကောင်းသောက်ကောင်းအများကြီးချက်ကျွေးတယ်။ ပေါက်စီ၊ မြီးရှည်လိုမျိုး။ ကျွန်မ တရုတ်ပြည်မှာ မိသားစုဝင်တွေရှိလာသလိုပဲ ခံစားနေရတယ်။"ဟု သူကပြောခဲ့သည်။

အိန္ဒိယကျောင်းသား မန်ရောဂျီသည် "တာလီရေသန့်တယ်။ လက်ဖက်ခြောက်အနံ့လည်းမွှေးတယ်။ ကျွန်တော်စားတဲ့အစားအသောက်တွေဟာ ကျန်းမာတယ်။ တရုတ်နိုင်ငံကို မလာခင်က ကျွန်တော်က (၈၁)ကီလိုဂရမ်ရှိတယ်။ အခု(၇၃)ကီလိုဂရမ်ထိလျှော့ချခဲ့တယ်။ ကျွန်တော်အရမ်းကို ပျော်တာပဲ။" ဟု ပျော်ရွှင်စွာပြောဆိုခဲ့သည်။

တရုတ်နိုင်ငံကို မန်ရောဂျီရောက်ခါစတွင် စားပွဲပေါ်က တူနှစ်ချောင်းကြောင့် စိတ်ပူခဲ့ရသည်။ နောက်ကျရင် သူကဒီတုတ်နှစ်ချောင်းဖြင့်သာ အစားစားရခြင်းအတွက် စိတ်ပူခဲ့သည်။ အစောပိုင်းတွင် တူကြောင့်ဒုက္ခများစွာ တွေ့ခဲ့ရသည်။ သို့သော်နောက်နှစ်လတွင် တူကိုကျွမ်းကျင်စွာ အသုံးပြုလာနိုင်ခဲ့သည်။ တူဖြင့်ငါးလုံးကိုလည်း ယူနိုင်နေပြီ။

ဤနေရာတွင် တရုတ်ယဉ်ကျေးမှုဓလေ့ထုံးစံကို လေ့လာသင်ယူသည်သာမက မိမိနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများကိုလည်း တရုတ်နိုင်ငံသို့ သယ်ယူလာခဲ့သည်။ တောင်အာရှပွဲတော်ရက်များတွင် တရုတ်နိုင်ငံနှင့် တောင်အာရှဆရာဆရာမများ၊ကျောင်းသူ ကျောင်းသားများသည် အိပ်ခန်းများကို အလှဆင်ပြီး ပွဲတော်အစားအသောက်များ စီစဉ်ကြပြီး ပျော်ရွှင်မှုကို အတူမျှဝေခံစားကြပါသည်။ တောင်အာရှနိုင်ငံ၏ အမျိုးသားအားကစားခရစ်ကက်ကို တာလီထံသယ်ဆောင်လာခဲ့သည်။ တာလီတက္ကသိုလ်တွင်နှစ်စဉ်ခရစ်ကက်ပြိုင်ပွဲသည် အထူးရေပန်းစားသော အစီအစဉ်ဖြစ်နေပါသည်။

တီပေါက်ကဲသည် "တရုတ်နိုင်ငံမလာမီက ကျွန်တော်နဲ့ကျွန်တော့်မိသားစုက ဒီနှစ်တွေ ဘယ်လိုနေ သွားရမယ်ကို စိတ်ပူသေးတယ်။ တရုတ်ပြည်ရောက်မှ ဒီမှာသဘာဝတောတောင် ရေမြေလှပြီး စားသောက်စရာလည်း အရသာကောင်းတယ်။ လူတွေလည်း တော်တော်ဖော်ရွေပါတယ်။ ရမယ်ဆိုရင် ကျွန်တော်တရုတ်ပြည်မှာတောင်အခြေစိုက်နေချင်တယ်။" ဟု ပြောခဲ့သည်။

သတင်းထောက် –
ရွှဲယွမ်၊ ရန်ရီဖုန်း၊ ဝမ်ပင်းရှာ